ပေတခတ်ကျေးရွာ

သရက်ချောင်းမြို့နယ်၊ထားဝယ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀- ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပေတခတ်ကျေးရွာ၊ သရက်ချောင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊စက်တင်ဘာလ

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပေတခတ်ကျေးရွာ သယံဇာတပြမြေပုံ၊ သရက်ချောင်းမြို့နယ်** | ၄ |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၅ |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၅ |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၅ |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) ငါးလုပ်ငန်း | ၇ |
| | (ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၈ |
| **၆။** | **ပညာရေး** | ၉ |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| **၈။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၉ |
| **၉။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၀ |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၁-၁၃ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅-၄၆ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၇-၅၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၃-၅၄ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၅-၅၆ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၅၇-၅၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀/၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများ ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေး ကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့ သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။ ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်း လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက် မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည် ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထားဖော်ပြ ထားပါ သည်။

စက်တင်ဘာလ ၊ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပေတာခတမ်ကျေးရွာ၊ သရက်ချောင်းမြို့နယ်

# ပေတာခတ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သရက်ချောင်းမြို့နယ်



## ဆက်သွယ်မှုပုံစံ(ပေတခတ်ကျေးရွာ)



## ရာသီခွင်ပြ ပြက္ခဒိန်(ပေတခတ်ကျေးရွာ)



### ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

**ပေတခတ်**ကျေးရွာသည် ပဲဒက်ကျေးရွာအုပ်စုတွင်တည်ရှိ၍ အုပ်ချုပ်ရေးရုံးစိုက်ရာ သရက်ချောင်းမြို့နှင့် နှစ်ဆယ့်ငါးမိုင်ခန့်အကွာတွင်တည်ရှိပြီး ကျေးရွာမှာ မြေပြန့်ဖြစ်၍ တောင်တန်းများဝိုင်းပတ်ထားပြီး နေချင်စဖွယ်ဖြစ်အောင် လှပသာယာသော ရွာလေးတစ်ရွာဖြစ်ပါသည်။

ရာသီဥတုအသင့်အတင့် ကောင်းမွန်သည်ဟုဆိုနိုင်သည်။ကျေးရွာအနီးတွင် တောတောင်၊ ချောင်းမြောင်းများရှိသော်လည်း ရွာတည်နေရာမြေပြင်မှာ မြေပြန့်ဖြစ်သည်။ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ တောင်ယာလုပ်ငန်း၊ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းတို့ကို လုပ်ကိုင်ကြသည်။

ဒေသ၏ တနှစ်ပျမ်းမျှမိုးရေချိန်မှာ ၉၀လက်မမှ ၁၁၀ လက်မဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း အတွက် အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာသည် ကုန်းမြင့်ပိုင်းတွင် တည်ရှိသော ကြောင့် ဆားငန်ရေဝင်ရောက်မှုမှ ကင်းလွတ်ပါသည်။ ကျေးရွာပတ်ပတ်လည်တွင် တောင်ကုန်း တောင်တန်းများ ဥယျာဉ်ခြံများနှင့် ဝန်းရံလျက်ရှိပါသည်။ ရာဘာနှင့် နှစ်ရှည် ပင်များ စိုက်ပျိုးထားပြီး ကွမ်းသီးမှာ ကျေးရွာ၏ အဓိကထုတ်ကုန်ဖြစ်သည်။ ကျန်နှစ်ရှည်ပင်များမှာ ဒညင်း၊ရေတ်ကောင်း၊ ဒူးရင်း၊ ပိန္နဲစသည်တို့ဖြစ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကွဲရေအိုင်ကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုကျရောက်သည့် ဒေသအတွင်း တည်ရှိပါသည်။ သတ္တု၊ ကျောက်မျက်၊ ခဲစသည့် သယံဇာတတွင်းထွက်များမှာ အလွန်ပင် ရှားပါးလှပါသည်။ထိုသို့သယံဇာတတွင်းထွက်များမရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စု တစ်စုချင်းစီ၏ ဝင်ငွေဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အစစအရာရာ နှောင့်နှေးနေပါသည်။ တောင်ယာစပါး များကိုသာ စိုက်ပျိုးကြပါသည်။ မြေအောက်ရေအသုံးပြုမှုနည်းပါးသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကွဲရေအိုင်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (**၉၁**) အိမ်ရှိ၊ အိမ်ခြေ(၁၀၅)၊ လူဦးရေပေါင်း (**၄၄၅**)ဦးရှိပြီး ကျေးရွာတွင် ဗမာလူမျိုး၊ကရင်လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၄၄.၇၀%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွါးရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ဂေါပကအဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ နာရေးကူညီမှုအသင်း၊ မိန်းမကြီးအဖွဲ့၊ ကာလသား ကာလသမီးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ စသည်တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာ ရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြပါသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း(၁)ခုရှိပါသည်။ ကျေးရွာသူ/ သား များ၏ ငွေကြေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများအတွက် လိုအပ်သော ပံပိုးမှုများကို ဆောင်ရွက်ပေးရန် အဖွဲ့အစည်းများ လိုအပ်ပါသည်။ ကျန်ရှိသောကဏ္ဍများပါတိုးတက်လာစေရန်အတွက် အခြားသော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

## (က) သီးနှံစိုက်ပျိုးရေး

ပေတခတ်ကျေးရွာတွင် စိုက်ပျိုးနိုင်သော ဥယျာဉ်ခြံမြေ (၃၂၀)ဧကရှိပါသည်။ လယ်မြေပိုင်ဆိုင်မှုမှာ(၂၆၀)ဧကရှိပြီး ဓနိတောမြေပိုင်ဆိုင်မှု(၂၀)ဧကနှင့် စားကျက်မြေ(၅)ဧကဖြင့် အသီးသီးပိုင်ဆိုင်ကြပြီး ယင်းတို့အပေါ်တွင် အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပါသည်။

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၆.၉၃% သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအဖြစ် ခံယူကြပြီး ၀.၇၈% သည်ချမ်းသာ သည့်အဆင့်၊ ၃၂.၂၈% သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ဆည်ရေနှင့် မြေအောက်ရေတို့ကို အသုံးပြုနိုင်မှုမရှိသဖြင့် နွေစပါးကို မစိုက်ပျိုးနိုင်ပါ။ လယ်မြေများတွင် ပိုးမွှားအန္တရာယ်များ ကျရောက်သောကြောင့် သီးနှံများဆုံးရှုံးခြင်းကြောင့် ဝင်ငွေနိမ့်ရခြင်းဖြစ်သည်။ ရာဘာစိုက်သောတောင်သူများမှာလည်း ရာဘာဈေးကျဆင်းမှုကြောင့် ဝင်ငွေနိမ့်ကျကာ အချို့ရာဘာခြံများမှာ ရာဘာမလှီးဘဲ ရပ်နားထားကြရသည်။ အခြားအိမ်ထောင်စုများသည် ပန်းရံ၊ လက်သမား၊ စက်ပြင်စသော အသေးစား လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်လျက်ရှိကြသည်။ ငွေတိုးချေးသောအိမ်ထောင်စုနှင့် အစိုးရဝန်ထမ်း အချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

စိုက်ပျိုးရေးလုပ်ငန်း ကို အခြေခံသောရွာတစ်ရွာ ဖြစ်သော်လည်း ရွာ၏ဝမ်းစာဖူလုံမှုအတွက်သာ စိုက်ပျိုးနိုင်ပြီး ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ ဈေးကောင်းမရရှိခြင်း၊မြေဆီလွှာမကောင်းခြင်း၊ သီးနှံပိုးမွှားရောဂါ ကျရောက်ခြင်းများ ရှိနေပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ **ကွမ်းသီး** အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ **(၄၀၀) ပိဿာ**သာရှိပါသည်။ **သီဟိုသီးနှံတစ်**ဧကထွက်နှုန်း **(၃၀၀)** ပိဿာရှိပါသည်။ ကျေးရွာအတွင်းရှိ ဥယာဉ်ခြံပိုင်ရှင်များတွင် တစ်ဦး ချင်းပိုင် မြက်ရိတ်စက် **(၂၆)** လုံး ရှိပါသည်။ ကိုယ်ပိုင်စက် ကိရိယာ မရှိသူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများကိုလည်း မြို့နှင့် အလှမ်းဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူ**မ**ရရှိနိုင်ပါ ။ သီးနှံဈေးကွက် နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများ မှတဆင့်ရောင်းချနိုင်ကြပါသည်။သီးနှံမျိုးစေ့မှာဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေပါသည်။ စိုက်ပျိုးမြေများတွင် မြေဆီလွှာပျက်စီးခြင်း၊ပိုးမွှားရောဂါကျရောက်ခြင်း၊ စိုက်ပျိုးမြေ မတိုးချဲ့နိုင်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ မလုံလောက်ခြင်းများ ရှိနေပါသည်။ ဥယျာဉ်ခြံ စိုက်ပျိုးသူများအတွက် ချေးငွေ

မရရှိနိုင်ခြင်း စသည်တို့ ရှိသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှားရောဂါကာကွယ်ရေး နှင့် သက်ဆိုင်သည့် သင်တန်း၊ ကာလရှည်ချေးငွေများ လိုအပ်နေပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ပေတခတ်ကျေးရွာတွင် ကြက် (၁၂၀၀)ကောင်ဖြင့် စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စုများမရှိပါ။ ဝက်(၉၀)ကောင်၊နွား(၁၅)ရှိပါသည်။ အများစုမှာ တစ်ပိုင်တစ်နိုင်မွေးမြူသည့် အိမ်ထောင်စုများဖြစ်ကြပါသည်။ စပ်မျိုးဝက်များကို မွေးမြူမည့်သူများရှိသော်လည်း အစာရေစာရရှိနိုင်မှု မလုံလောက်ခြင်း၊ ဝက်သားပေါက်ဝယ်ယူမှု စရိတ်ကြီးမားခြင်း စသည်တို့ကြောင့် မွေးမြူသူဦးရေမှာ အလွန်ပင်နည်းပါးပါသည်။ ထို့အပြင် တိရိစ္ဆာန်ရောဂါ ကျရောက်မှုနှင့် ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ သိရှိမှုများ အားနည်းပြီး မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်မရရှိပေ။ စီးပွားဖြစ်မွေးမြူးရေး လုပ်ငန်းလုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

**(ဂ) ငါးလုပ်ငန်း**

ပေတခတ်ကျေးရွာမှ အိမ်ထောင်စုများသည် ကျေးရွာအတွင်း စီးဆင်းနေသော မြစ်ချောင်းများအတွင်းတွင် ငါးဖမ်းလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ ထိုငါးဖမ်းလုပ်ငန်းမှ သားငါးများ သည်ကျေးရွာ၏စားနပ်ရိက္ခာဖူလုံမှု အတွက်သာ ရရှိပြီး အခြားနေရာများသို့ တင်ပို့ရောင်းချနိုင်ခြင်းမရှိပါ။

**(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကွဲရေအိုင်ကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင် ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် ကွမ်းသီးကောက်၊ ကွမ်းသီးခွဲ၊ ကွမ်းသီးဆံ ထုတ်စသည့် လုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သည် ကွမ်းသီးကိုသာ အဓိကထား လုပ်ကိုင်ကြပါသည်။ကုန်စည်များသယ်ယူပို့ဆောင် စရိတ်ကြီးမားသောကြောင့် အသားတင်အမြတ်ငွေနည်းပါးပါသည်။ထို့ကြောင့် ကွမ်းသီးဆံများ ရောင်းချ လိုသည့်အခါ အခြားနီးစပ်ရာ ကျေးရွာများရှိ ကုန်သည်များနှင့် ရောင်းချနေကြရပါသည်။ အချို့က ထားဝယ်မြို့သို့ သွားရောက်ရောင်းချကြပါသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောလူဦးရေများပြားခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာကောင်းတရပ်ဖြစ်သည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်းနှင့် အသံချဲ့စက်ငှားရမ်းခြင်းစသော အလုပ်များမရှိပါ။ ငွေကြေး

အဆင်ပြေသော အိမ်ထောင်စုအချို့သော အပ်ချုပ်နှင့်စက်ပြင်သင်တန်းများသင်ကြားပေးရန် လိုအပ်ပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျွဲရေအိုင်ကျေးရွာတွင်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးငွေများမရရှိပါ။ အဖွဲ့လိုက်ငွေစုငွေချေးအစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်း ပါးလှပါသည်။ အဓိကအားဖြင့် ဆွေမျိုးများထံမှ ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်းဖြစ်ပါသည်။ ငွေချေးပေးသူများထံတွင် ရာသီပေါ်သီးနှံများကို ပေါင်နှံပြီးငွေချေးကြရပါသည်။ အတိုးနှုန်းမှာ (၅မှ၁၀%)ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ်လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန်အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူအများစုသည်ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် လိုအပ်သော်လည်း အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထို့ကြောင့် အစိုးရဘဏ်/ပုဂ္ဂလိကဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများ ထုတ်ပေးပါက မိသားစုစားဝတ်နေရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စများအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

**၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ရွာအတွင်းရှိ လမ်းများအားလုံးမှာ မြေသားလမ်းများသာဖြစ်ကြပြီး မိုးရာသီတွင် ဗွက်အိုင်များသဖြင့် သွားလာရခက်ခဲသည်။ သယ်ယူပို့ဆောင်ရေးတွင် စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီနှင့် ကုန်တင်ကား တို့ကိုအသုံးပြုလျက်ရှိသည်။ရွာတွင်းရှိမြေသားလမ်းအရှည်မှာပေ( ၂၀၀ ) နီး ပါးရှိပြီး ကတ္တရာ (သို့) ကွန်ကရစ် ခင်းပေးရန် လိုအပ်နေပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာရှိ လျှပ်စစ်မီးရရှိမှုအခြေအနေမှ ဆိုလာမီးကိုသာအသုံးပြုကြပါသည်။ လျှပ်စစ်မီးရရှိပါက ကျေးရွာအတွင်း ကျောင်းသား/သူများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်းများဆောင်ရွက်နိုင်သော်လည်း လက်ရှိသုံးစွဲနေရသော လျှပ်စစ်ဈေးနှုန်းမှာ အလွန်မြင့်မားနေသောကြောင့် အသေးစား၊ အလတ်စားလုပ်ငန်းရှင်များအတွက် ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားနေရပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ပေတခတ်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၅၀၀) လုံး၊ ရေဒီယို ( ၂၁ ) လုံး၊ တီဗွီ (၁၂၀)လုံး၊ ဂြိုလ်တုစလောင်း(၄၀)လုံးစသည်တို့မှ ရရှိသည့်အပြင် ကျေးရွာအတွင်းတွင်တာဝါတိုင်မရှိသည့်အတွက် ဖုန်းဖြင့်သတင်းနှင့်အချက်အလက်များကို အချိန်နှင့်တပြေးညီ လွယ်ကူစွာ ချိတ်ဆက်မအသုံးပြုနိုင်ပါ။ ကျေးရွာတွင် ဆက်သွယ်ရေးမှာ အသင့်အတင့်ရှိပါသည်။ ဈေးကွက်နှင့် အခြားလုပ်ငန်းများအတွက် လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်ရန် အခက်အခဲရှိပါသည်။ အင်တာနက်လိုင်းများရှိသော်လည်း လူငယ်များသည် စာပေဗဟုသုတများ ဖတ်ရှုလေ့လာမှု အားနည်းနေပါသဖြင့် ကျေးရွာတွင် စာကြည့်တိုက်ဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

## ၆။ ပညာရေး

ပေတခတ်ကျေးရွာပိုင် မူလတန်းကျောင်းတွင် ပညာသင်ကြားနိုင်ပြီး အလယ်တန်းနှင့် အထက်တန်းအဆင့်များကိုတော့ပဲဒတ်ကျေးရွာတွင်ဆက်လက်ပညာသင်ယူနိုင်ပါသည်။ တက္ကသိုလ်တက်နေသည့် ကျောင်းသား/သူ များလည်း ရာခိုင်နှုန်းအနည်းငယ် ရှိပါသည်။ ကျေးရွာတွင် အသက်ကြီးပိုင်း စာမတတ်သူတစ်ချို့ရှိပါသည်။ ဘွဲ့ရသူဦးရေ မရှိသလောက်ရှားပါသည်။ မူလတန်းပညာပြီးမြောက်မှုမှာ ကျေးရွာရှိ စုစုပေါင်းလူဦးရေ၏(၈၃.၂၈%)၊ အလယ်တန်းပညာပြီးမြောက်မှုမှာ (၁၂.၆၈%)ရှိပြီး၊ အထက်တန်းပညာ ပြီးမြောက်မှုတွင် သိသာစွာ လျော့နည်းလာပါသည်။ သို့သော်လည်း ယခင်ကာလများနှင့်နှိုင်းစာလျှင် ဘွဲ့ရဦးရေရှိလာသည်ဟု ဆိုနိုင်ပါသည်။ ကျောင်းသား/သူများ လုံခြုံစွာပညာသင်ကြားနိုင်ရန်အတွက် ကျောင်းခြံစည်းရိုး ကာရံရန် လိုအပ်နေပါသည်။ စာသင်ဆောင်များလည်းလိုအပ်ပါသည်။

မူလတန်းကျောင်းထွက်နှုန်းမှာလည်းမရှိသလောက်နည်းပါးပါသည်။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ရန်လိုအပ်နေပါသည်။ မိဘဆရာ အသင်း၏ပူးပေါင်းဆောင်ရွက်မှုမှာ ကောင်းမွန်ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကွဲရေအိုင်ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျေးလက် ကျန်းမာရေး ဌာနသည်ကျေးရွာနှင့် (၃)မိုင်ခန့်ဝေးပြီး ပဲဒတ်ကျေးရွာတွင်တည်ရှိသည်။ သောက်သုံးရေအတွက် လက်တူးတွင်းကို သုံးစွဲကြရသည်။ တစ်ရွာလုံးသည် ယင်လုံအိမ်သာ သုံးစွဲကြပြီး ရောဂါဖြစ်ပွားမှု နည်းပါးသည်။ စာသင်ကျောင်းရှိအိမ်သာမှာ စနစ်တကျ ဆောက်လုပ်

ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် အဆင်ပြေပါသည်။ ရွာလုံးကျွတ် သန့်ရှင်းသော အိမ်သာသုံးစွဲမှုရှိပြီး ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်သော အနေဖြင့် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သောရောဂါများ၊ ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် ဆန္ဒရှိကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

**ပေတခတ်**ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ်ကျရောက်မှုမရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်သည် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှ သာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း များကိုတက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါ သည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပေတခတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ်သည်။ကျေးရွာရှိအဖွဲ့အစည်းများတွင်အမျိုးသမီးပါဝင်မှုနှုန်းမှာအလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင် လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကေန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာ ကျေးရွာ တွင် အမျိုးသမီးများ၏ တစ်နေ့ အများဆုံးလုပ်အားခသည် (၇၀၀၀ မှ၆၀၀၀ထိ) ကျပ်ဖြစ်ပြီး အမျိုးသားများ ၏တစ်နေ့အနည်းဆုံး လုပ်အားခသည် (၇၀၀၀မှ ၄၀၀၀အထိ) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသော လုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ် အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီး ရေးရာအကြမ်း ဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ များအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ် နေပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် -ပဲဒက် | | | ကျေးရွာအမည် – ပေတခတ် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာတွင်းလမ်း ချောင်းကျောက်ခင်းခြင်းလုပ်ငန်း(၀/၃မိုင်' x ၁၂' x ၁')။ | |
| ၂ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင်ဟောင်း (၉၀'-၃၀') အား အမိုးသွပ် လဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း။ | |
| ၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | (၂၅' x ၆' x ၅') ကွန်ကရစ်တံတား (၂) စင်း တည်ဆောက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | စက်ကိရိယာ | စက်ကိရိယာများ လုံလောက်စွာ ငှားရမ်းခွင့်ရရန် ချိတ်ဆက်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | ဈေးကွက် | စပါး၊ ရော်ဘာ ဈေးနှုန်း အရနည်းခြင်းနှင့် သက်ဆိုင်ရာမှ ဝင်ရောက်ထိန်းညှိပေးခြင်း။ | |
| ၆ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စွာ ရရှိနိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ တင်ပြခြင်း။ | |
| ၇ | ကျန်းမာရေး | သားဖွားဆရာမ၊ ကျေးလက် ကျန်းမာရေးမှူး စသည် | အရန်သားဖွားသင်တန်းများ တက်ရောက်နိုင်ရန် ကျန်းမာရေးဦးစီးဌာနသို့ ချိတ်ဆက်တင်ပြခြင်း။ | |
| ၈ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း။ | |

နောက်ဆက်တွဲ (၁)

## ပဲဒက်ကျေးရွာအုပ်စု၊ ပေတခတ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် |
|---|---|---|---|---|---|
| ၁ | ဦးဇော်လွင် | ဦးမောင်စိုး | ၆/သရခ (နိုင်)၀၅၆၂၅၃ | ၅၂ | ဥက္ကဌ |
| ၂ | ဦးကိုင်ဇာမင်း | ဦးယုလှိုင် | ၆/သရခ (နိုင်)၀၇၆၃၆၇ | ၅၃ | အတွင်းရေးမှူး |
| ၃ | ဦးသက်ဝေ | ဦးစိုး | ၆/သရခ (နိုင်)၀၆၈၆၈၃ | ၄၄ | ဥက္ကဌ၊<br>ဝယ်/ဆပ်ကော်မတီ |
| ၄ | ဦးဇော်ဝေ | ဦးနိုင်အောင် | - | ၅၁ | ငွေစာရင်းကိုင် |
| ၅ | ဦးမြင့်မောင် | ဦးလှစိုး | - | ၄၇ | ဘဏ္ဍာရေးမှူး |
| ၆ | ဦးသန်းဝင်း | ဦးတင်ဝေ | - | ၅၅ | အဖွဲ့ဝင် |
| ၇ | ဦးသိန်းစိုး | ဦးလှ | - | ၆၁ | အဖွဲ့ဝင် |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃၄ | ၂၃ | ၅၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၁၉ | ၁၈ | ၃၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၅ | ၃၈ | ၆၃ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၂၂ | ၄၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၂၀ | ၉၉ | ၂၁၉ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၈ | ၂၉ |
| **စုစုပေါင်း** | | **၂၃၇** | **၂၀၈** | **၄၄၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၉၁** | | |

**ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စု ဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။** ။ပေတခတ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၉၁)အိမ်ရှိပြီး လူဦးရေပေါင်း (၄၄၅)ဦးရှိပါသည်။ ကျေးရွာတွင်အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁၂.၈%)၊ ၅နှစ်အောက်ကလေးအရွယ်(၈.၃၁%)၊ မူလတန်းကျောင်းသားအရွယ် (၁၄.၁၅%)၊ အလယ်တန်းကျောင်းသား အရွယ်(၉%)၊သက်ကြီးရွယ်ကြီးအရွယ်(၆.၅%)ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်း သတ်မှတ်ချက်နှင့်ညီမျှပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ)     အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၀ | ၆၀ | ၂၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၂၈ | | မြင့်☐လတ☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၁၆ | ၁၃ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | သစ်တောလုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၁၅ | ၂ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | ၃ | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၂၆ | ၇ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၈ | | မြင့်☐လတ်☑နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၅၂ | ၁၄၂ | ၄၃ | ☒ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**

။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ပေတခတ်ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများမရှိသဖြင့် ကျေးရွာနေလူငယ်များ နိုင်ငံရပ်ခြားသို့ သွားရောက်လုပ်ကိုင်ကြသူများပြားပါသည်။ ဥယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စုများလည်းရှိပါသည်။ **အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** ×၈)

**လေ့လာတွေ့ရှိချက်။** ။ **ပေတခတ်**ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး ဥယျာဉ်ခြံ)လုပ်ငန်းတွင်နေ့စား ပုတ်ပြတ် အလုပ်လုပ်သူ ပိုမိုများပြားပါသည်။ တစ်နေ့တွင် အမျိုးသား(၁၀၀၀၀) အမျိုးသမီး

**(၈၀၀၀)** ကျပ်ရရှိပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) | | |
|---|---|---|---|---|
| **လယ်မြေ** | **၂၄၀** | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | **၂၀၀** | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| **ဓနိတောမြေ** | **၂၀** | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| **စားကျက်မြေ** | **၅** | ကောင်း ☐ | သင့်☐ | ညံ့ ☑ |
| **မြေလွတ် မြေလပ်** | - | ကောင်း ☐ | သင့်☐ | ညံ့ ☑ |
| **စုစုပေါင်း** | **၄၆၅** | ☒ | | |

**ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ ပေတခတ်ကျေးရွာတွင်ယခင်စိုက်ပျိုးနေသောဥယျာဉ်ခြံမြေများသည် မြေဆီလွှာ ညံ့သောကြောင့် သီးနှံထွက်နှုန်းနည်းပါသည်။ သက်ဆိုင်ရာဦးစီးဌာနများမှ နည်းပညာ များ၊ မြေဆီ၊မြေသြဇာများပံ့ပိုးပေးခြင်းဖြစ်ကူညီဆောင်ရွက်ပေးနိုင်ပါရန်၊ ပိုးမွှားရောဂါကျ ရောက်မှု ရှိသည့်အတွက် စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာသင်တန်းများ**လည်း** ပို့ချပေးရန် လိုအပ် နေပါသည်။ကွမ်းသီးနှင့်ရာသီစာသီးနှံ**(အပင်နု)**များ၊ရော်ဘာပင်များကိုလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုး ကြပါသည်။ တောမီး လောင်ခြင်း၊ သစ်တောပြုန်းခြင်းများကြောင့် မြေဆီလွှာများ ပျက်စီးရခြင်း **ဖြစ်**ပါသည်။

**(ဂ-၂)  ခါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ခါတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်မျ ား)** | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ခက်☑အသုံးမပြုနိုင်ပါ ☐ |
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ☐ သင့်☐ နည်း☐ မရှိ☑ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ပေတခတ်ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ၊ကျောက်၊ သဲ၊ ကျောက်စရစ်စသည့် ထုတ်လုပ်မှုများမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး သဘာဝအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ အသင့်တင့်ရှိသော်လည်း လွယ်ကူစွာရှာဖွေနိုင်ပါသည်။

**(ဃ)  ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့်** | **ညံ့** | **အလွန်ညံ့** |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| | | ကောင်း | | |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၇ | ၃၆ | ၂၀ | ၁၇ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ **ပေတခတ်**ကျေးရွာတွင် အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ **(၃၆)**အိမ်ရှိပါသည်။ အဆင်ပြေသောအိမ်ထောင်စုမှာ**(၁၇)**အိမ်ရှိပြီး၊ မပြေလည်သောအိမ်ထောင်စုများသည့်အတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး(သို့) ပစ္စည်းစသည်ဖြင့်တစ်ဖက်တစ်လမ်းမှအထောက်အကူမပြုနိုင်ပါ။ကျေးရွာတွင် အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၁၇)အိမ်ထောင်စုရှိပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၆ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _____☑______<br>လုပ်အားခကြိုယူ = _____☑________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၃၈ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ______☑_______ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | လုပ်အားခကြိုယူ = ______☑________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၈ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = _______☑______<br>လုပ်အားခကြိုယူ = _____________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။နေ့စားငှားရမ်းမှုနည်းပါးခြင်း၊စီးပွားရေးလုပ်ကိုင်ရန်အခွင့်လမ်းနည်းခြင်း၊ စိုက်ပျိုးရေးမှာ နှစ်ရှည်ပင်များသာ စိုက်ပျိုးခြင်းကြောင့် လက်ရှိစားဝတ်နေရေးကို မဖြေရှင်းနိုင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ဌာနဆိုင်ရာများ၊ အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး အလုပ်အကိုင်များရရှိရေးအတွက် လိုအပ်သည့် ငွေကြေး(သို့မဟုတ်) နည်းပညာအကူအညီများ ရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်နေရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၄ | ၂ | ၆ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၈ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ပေတခတ်**ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီး ရွယ်အို (၆)ဦးရှိပါသည်။ ဆင်းရဲ၍ မိသားစုစားဝတ်နေရေးကိုဦးစီးရသော အမျိုးသမီးများ(၈)အိမ်ရှိပြီး

ဆင်းရဲ၍ မိသားစုဦးရေများသည့် အိမ်ထောင်စု(၁၂)အိမ် ထောင်စုရှိပါသည်။

**(ဂ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်၊** ။ ဝေးလံခေါင်သီ၍လမ်းပန်းဆက်သွယ်ရေးမှာနွေရာသီတွင် အသင့်အတင့် သွားလာရသော်လည်း မိုးရာသီတွင် သွားလာရအလွန်အခက်အခဲလှပါသည်။ သဘာဝဘေးအန္တရာယ် သော်လည်းကောင်း ၊ကျန်းမာရေးကြောင့်သော်လည်းကောင်း မိုးရာသီတွင် အခက်တွေ့နေရပြီး

အသက်အန္တရာယ်ပါ စိုးရိမ်ရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☑ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☑ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၂၀ | **ကားမောင်းပြီး အသက်မွေးသူများ** | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။**ပေတခတ်**ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးပြီး၊ သဘာဝ အရင်းအမြစ်များရှားပါးသဖြင့် မြေယာမဲ့ဆင်းရဲသားတောင်သူများမှာ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အခြေအနေမျိုးတွင်ရှိပါသည်။ လက်ရှိကိုဗစ်–၁၉ ကာလတွင် ကျွဲရေအိုင်ကျေးရွာတွင် နေထိုင်သည့် အိမ်ထောင်စုအချို့နှင့် ရွှေ့ပြောင်းလုပ်သားများ၊ လက်လုပ်လက်စား ကျပန်းလုပ်သားများ၊ နေရပ်ပြန်အခြေချသူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများမှာ ထိခိုက်သက်ရောက် ခံရနိုင်မှု အနည်းငယ်ရှိနိုင်ပါသည်။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(က–၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | ရပ်မိ/ဖအဖွဲ့၊ ဂေါပကအဖွဲ့ | ၁☑ ၂☐ ၃☐ | ၇ | - | ၅ | ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ၂ | **ပညာရေး အဖွဲ့** | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ၃ | **ကျေးရွာကေ** | ၁☑ ၂☐ | ၈ | - | ၈ | ပညာရေး ☐ ငွေကြေး ☐ | ကောင်း ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | **ဝ် မတီအဖွဲ့** | ၃☐ | | | | ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | သင့် ☑<br>ညံ့ ☐ |
| ၄ | **မီးသတ်အဖွဲ့** | ၁☐ ၂☐ ၃☐ | - | - | - | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၅ | **ဘာသာရေးကော်မတီအဖွဲ့** | ၁☐ ၂☐ ၃☐ | ၂ | ၄ | ၆ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ ပေတခတ်ကျေးရွာတွင် ရွာတွင်းရှိအဖွဲ့အစည်းများသည် စည်းစည်းလုံးလုံးနှင့် ကျန်းမာရေး၊သာသနာရေး၊လူမှုရေး၊ကာကွယ်ရေးစသည့် ကိစ္စရပ်များကိုစိတ်တူကိုယ်တူပူးပေါင်းပါဝင် ဆောင်ရွက်နေကြပါသည်။ လက်ရှိတွင် ကိုဗစ်–၁၉ ကာလဖြစ်သည့်အတွက် ကျေးရွာရှိ အိမ်ထောင်စုများအနေဖြင့် ကျန်းမာရေးဆိုင်ရာချို့တဲ့မှုများပြားပြီး စီးပွားရေး အခြေအနေ ကျပ်တည်းခြင်းကြောင့် စားဝတ်နေရေးအတွက် ရုန်းကန်ရာတွင် အခက်အခဲရှိနေပါသည်။

**(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| **စဉ်** | **အမည်** | **အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၃ | | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ –မွေ့စကူးလ်ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊**

**အသင်းအဖွဲ့များ (ဥပမာ-သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။**

